# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊
# ၁၉၇၂ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ။
# [၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၄။]
# ရန်ကုန်မြို့၊ ၁၃၃၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်။
# (၁၉၇၂ ခုနှစ်၊ စက်တဘ်ာလ ၂၈ ရက်။)

အောက်ဖေါ်ပြပါ ဥပဒေကို ထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၇၂ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအကျိုးသက်ရောက်ရမည်။

၂။ ။ (၁) ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည်၊ အောက်ပါဇယားများ တွင်ဖေါ်ပြထားသော သက်ဆိုင်ရာအသုံးစရိတ်များကို တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ၍ ၁၉၇၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၂ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့ အထိ ကာလအတွင်းသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင်ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၇၁ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲ ရေးဥပဒေ (၁၉၇၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅) အရ၊ ခွင့်ပြု ထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

ဦးနေဝင်း
ဥက္ကဋ္ဌ
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၃၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်။
(၁၉၇၂ ခုနှစ်၊ စက်တဘ်ာလ ၂၈ ရက်။)

အမိန့်အရ
ကိုကို
အတွင်းရေးမှူး
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

----- Attachment -----

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 တော်လှန်ရေးကောင်စီ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 အစိုးရဌာနများနှင့် ဌာနခွဲများ၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပြည်နယ်များ၏ အသုံးစရိတ်စာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 အစိုးရလက်အောက်ခံ ဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့် အခြားအဖွဲ့အစည်းများ၏အသုံးစရိတ်စာရင်း

Myanmar Law Information System (MLIS)